# ၁၉၆၃ ခုနှစ်၊ ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းဥပဒေ၏ ပုဒ်မ ၁၅ အဆုံးတွင် အောက်ပါကိုထည့်သွင်းရမည်။

"ထို့ပြင် ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အကျိုးတူ မြှုပ်နှံရင်းနှီးငွေ (Equity Investment) အဖြစ်ပေးအပ်သည့်ငွေ၊ သို့တည်းမဟုတ် လွှဲပြောင်း သတ်မှတ်ပေးသည့်ငွေကို လက်ခံနိုင်ခွင့်ရှိသည်။"